www.burmeseclassic.com

ကလောမြို့

သမိုင်းဝင်

# ရွှေဥမင်ရှေးဟောင်းသဘာဝလိုဏ်ဂူဘုရားသမိုင်း




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



## သဘာဝ လိုဏ်ဂူ ရွှေမောင်း ရွှေဥမင် ဘုရားရှိခိုး

ဒအောင်စေဖမ္ဘူ ဖအောင်ဆုယူသား၊ အောင်မှုအောင်ဟိတ်၊ အောင်နိမိတ်ဖြင့်၊ အောင်တိတ်ကိုခင်း၊ အောင်မြေနင်းသား၊ အောင်ခြင်းမင်္ဂလာ၊ အောင်ရတနာတည့်၊ ဓမ္မာသောက၊ ရာဇမင်းမြတ်၊ တည်ထားအပ်သည့်၊ စေတီရပ်ပေါင်း၊ ရှစ်သောင်းလေးထောင်၊ ဂုဏ်ရောင်တင့်ထွန်း၊ ကြည်ရွှန်းသာလွင်၊ ရွှေဥမင်ဟု၊ မှတ်ဝင်သည်သား၊ ခြောက်ဖြာကျေးဇူး၊ ဂုဏ်တော်ထူးဖြင့်လည်း၊ ပြည့်စုံတော် မူထသော။

သာသနာရောင်ဆင်း၊ ရွှေရောင်ဝင်းလျက်၊ ကြိုင်သင်းရွှန်မြ၊ တောက်ပလှသည့်၊ ပေါက္ကံဂါမပထမ မြန်မာနိုင်ငံတော်၊ စတည်ပေါ်ထင်၊ အနော်ရထာဘုရင်လည်း၊ ပြုပြင်မွမ်းမံ၊ ဘိသိက်ခံ၏၊ နန်းရံသားဖြစ်၊ မင်းကျန်စစ်လည်း၊ အသစ်တည်ထား၊ ခဝတ်တွား၏၊ ဆပွားမွေးကြူ၊ အလောင်းစည်သူလည်း၊ များလှုခပင်း၊ ဗိုလ်ဆင်မြင်းနှင့်၊ ဖောင်မင်းဆိုက်မိ၊ ဂွမ်းဆီထိသို့၊ ကြည်ညိုဘိ၏၊ ငါ၏ဘိုးဘေး၊ ကောင်းမှုရေးကို၊ အလေးအမြတ်၊ ထွန်းတင်ထပ်၏၊ မပြတ်စေရ၊ ဝေနေယျတို့၊ သာသနာ့ရောင် နေနှယ်ဆောင်သို့၊ ဖောင်ကူးသို့ဖြင့်၊ မချို့စေချင်၊ လှူပြင်ဆင်သည့်၊ သာသနာ့ တံခွန်လည်း၊ ဖြစ်တော်မူထသော။

အရပ်အစ၊ ဘဝဝါအဆုံး၊ ကိုးပါးလုံးကျော်၊ ဂုဏ်တော်တို့ဖြင့်၊ ပြည့်စုံတော်မူသော၊ ဂေါတမအရှင်၊ မြတ်စွာဘုရားသခင်၏၊ ကြည်လင်စံမြတ် သရီဓာတ်တိန်းပျော်၊ တလောပေါ်ထင်၊ သမိုင်းဝင်သည့်၊ ရွှေဥမင်စေတီမြတ် ကို၊ အဟံ - ကျွန်ုပ်သည်၊ ထုံကြည်ချီးမွမ်း၊ ဂုဏ်ရည် မှန်းလျက်၊ မြတ်နန်း နိဗ္ဗူ၊ အောင်ဆုယူရပါလိုသော၊ မြတ်ရှင်စော၊ ဩကာသ၊ ဩကာသ၊ ဩကာသပါဘုရား။

www.burmeseclassic.com

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

## နိဒါန်း

### ရွှေဥမင်နှင့်ရွှေဥမင်စေတီ

ကလောမြို့သို့ ရထားဖြင့်လာခဲ့ပါလျှင် ဘူတာရုံမှဆင်းပြီးနောက် မောမြေဦးဥယျာဉ်မှ လက်ဝဲဘက်လမ်းအတိုင်းသွားလျှင် လေးဖာလုံခန့် အကွာ ခြေလျင်ခရီးဖြင့် မိနစ်(၂၀)ခန့် လျှောက်လာပါက လမ်းမ၏ လက်ဝဲဘက်တွင် ရွှေဥမင်ဂူကြီးနှင့် ရွှေဥမင်ဘုရားဝင်းအတွင်း၌ရှိသော စေတီတော်များကို ရွှေရောင်တဝင်းဝင်းဖြင့် သပ္ပာယ်ကြည်နူးစွာ ဦးခိုက်မြင်တွေ့ရပေမည်။

လမ်းမပေါ်မှ လှမ်းကြည့်လိုက်လျှင် ပေ (၁၀၀)ခန့် အမြင့်ရှိသော ကျောက်ဂူကြီးမှာ နံရံကြီးသဖွယ် မြင်တွေ့ကြရမည်ဖြစ်ပြီး ၎င်းဂူနံရံကြီး၏ ရှေ့တွင် စေတီပေါင်း (၃၈)ဆူကို ကြည်ညိုဖွယ်ရာ တွေ့မြင်ဖူးမြော်ကြရပေမည်။

စေတီတော်များမှာလည်း ဖောင်းရစ်ရှည်ရှည်များဖြင့် ရှားပါးလှသည့် လက်ရာများဖြစ်သည့် ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် တည်ထားလျက်ရှိသည်ကို အသေအချာလေ့လာပါက သိရှိနိုင်ပေမည်။ယင်းစေတီတော်များမှာလည်း ယခု အသက်အရွယ် အကြီးဆုံးပုဂ္ဂိုလ်များ ဖြစ်ကြသည့် ဘုရားများတည်ရှိရာ ရွှေဥမင်ရွာမှ ပုဂ္ဂိုလ်ကြီးများပင်လျှင် မည်သည့် အချိန်မှစ၍ တည်ထားခဲ့သည်ကို မသိနိုင်ကြဘဲ ၎င်းတို့ငယ်စဉ် အခါကတည်း ကပင် တည်ရှိ နေကြကြောင်း ပြောဆိုကြပါသည်။

ထိုစေတီများ၏ လက်ယာဘက်တံဆောင်းအတိုင်း လိုက်သွားပါက ရွှေဥမင်ဘုရား၏ ဂူအဝကို ရောက်ရှိသွားပေမည်။ ဂူအဝမှာ ပေ (၄၀)ခန့် ကျယ်ဝန်းပြီး အထဲသို့ ပေ(၈၀)ခန့်တိုင်အောင် သပ္ပါယ်လှစွာသော ထူးဆန်းသည့်လက်ရာများဖြင့် ပူဇော်ထားသော ဆင်းတုတော်အများ



အပြား ကို အလွန်တရာ ကြည်ညိုဖွယ်ရာ ရွှေရောင်ဝင်းပလျက် ဖူးတွေ့ကြရပေမည်။

ဂူအဝတွင် (၁၀)ပေပတ်လည် အလုံးအဝန်း အစိုင်အခဲဖြစ်နေသောသဘာဝ ကျောက်တုံးကြီးတစ်လုံးမှာ ရွှေဥမင်ဂူအပေါက်ဝတွင် ကပ်လျက်တည်ရှိ နေခဲ့ရာတွင်လွန်ခဲ့သော ၁၉၉၃ ခုနှစ်တွင်ရွှေဥမင်ကျောင်းတိုက်ကြီး၌ သီတင်း သုံးတော်မူခဲ့သော ပျံလွန်တော်မူခဲ့ပြီးသည့် ကျောင်းထိုင်ဆရာတော် ဦးစန္ဒောဘာသ မှ (ဂျိုတီအိုင်) ကျောင်းမှ ဒကာများ ဖြင့် ၎င်းကျောက်တုံးကြီးကို ဖယ်ရှားရန်အတွက် ခွဲစိပ်ခဲ့ရာ အစိတ် အပိုင်းအစများဖြင့် ကွဲထွက်မသွားဘဲ ဥပမာအားဖြင့် ပန်းသီးကို လေးစိပ် စိပ်ရာ တစ်စိပ်စီပုံထွက် သွားသကဲ့သို့ ညီညီညာညာ တိတိပပ ထူးဆန်းစွာပုံထွက်သွားရာ ဆရာတော် ဦးစန္ဒော ဘာသမှ နေ၍ ယင်းအတိုင်း ထပ်မံ၍မခွဲတော့ဘဲ နဂါးရုံစေတီတော်ကို သဘာဝ ကျကျကျောက်တုံးအစစ်ကြီးဖြင့် ပြုလုပ်ကိုးကွယ်ခဲ့ရာ ရောက်ဖူး သူတိုင်း ဦးစွာ ပထမ မြင်တွေ့ရပေမည်။

ရွှေဥမင်ဂူထဲသို့ ဝင်ရောက်သည်နှင့် တစ်ပြိုင်နက် အတွင်းထဲသို့ စကြံ လမ်း၏အဝ ညာဘက်၌ (၁၀)ပေခန့် မြင့်သော "ဆုတောင်းပြည့်" ရုပ်ပွားတော်မြတ်ကြီးကို လည်းကောင်း၊ ဘယ်ဘက်တွင် "လက်ပွား ကိုယ်တော်မြတ်ကြီး" ကိုလည်းကောင်း ဖူးမြော်ကြရပေမည်။

ရုပ်ပွားတော်မြတ်ကြီး (၂)ဆူမှာ မကိုဋ်တော်များ၊ နားတောင်းတော်များ၊ စလွယ်တော်များ၊ လက်ကြပ်၊ လည်စည်းတော်များနှင့် လက်ချောင်းတော်များတွင် ရတနာလက်ဝတ်များ ဆင်မြန်းလျက် လက်ရာမြောက်လှ ပေသည်။

ဆုတောင်းပြည့်ရုပ်ပွားတော်မြတ်ကြီးတွင် မှန်များဖြင့် စီခြယ်ထားရာ ရှေးမူပျက်လျက်ရှိသဖြင့် ဂေါပက အဖွဲ့မှ အဆိုပါ

www.burmeseclassic.com

မှန်များအားခွာ၍ ရွှေမှုမပျက် သပ္ပါယ်လျက်ရှိပါသည်၊ ဆင်းတုတော်ကြီးအား ရွှေသားစစ်စစ် ပူဇော်မည် ဖြစ်ရာ ကြုံတောင့်ကြုံခိုက် လှူဒါန်းပူဇော်နိုင်ကြလေပြီ၊

အလယ်စင်္ကြံ အတိုင်း ဂူအတွင်းသို့ ဝင်ရောက်ကြည့်ရှုခဲ့ပါလျှင် လက်ဝဲလက်ယာ တစ်ဘက်တစ်ချက်၌ ဗုဒ္ဓရုပ်ပွားတော်များ ပုံသဏ္ဌာန်အမျိုးမျိုး အရွယ်တော် အမျိုးမျိုးတို့ကို ကြည့်ရှုဖွယ်ရာ တည်ထားသည်ကိုလည်း တွေ့မြင်ရပေမည်၊ ရုပ်ပွားတော်များမှာ မျက်နှာချင်းဆိုင် တည်ထားလျက်ရှိပြီး ယင်းရုပ်ပွားတော်များ၏ အနောက်ဘက်တွင်လည်း နောက်ထပ် ရုပ်ပွားတော်များကို ထပ်မံ၍ တည်ထားသည်ကိုလည်း တွေ့မြင်ရပေမည်၊

ရွှေဥမင်ဂူ၏အဆုံးပိုင်းလက်ယာဘက်တွင် တောင်တန်းကြီးအတွင်း သို့ဝင်သွားသော လိုဏ်ဂူတော်မှာ သဘာဝဘေးဒဏ်ကြောင့် ပိတ်လုခမန်း ရှိခဲ့ရာ အမှတ်(၅၅) ခြေမြန်တပ်မဟာနချုပ်၊ စစ်တီးဝိုင်းတပ်စုမှ စစ်သည်နှင့် မိသားစုများ၏ လုပ်အားဖြင့် ယခုအချိန်တွင် ပေ (၃၀၀)ခန့်ရှည်လျားသည့် သန့်ရှင်းသပ်ယပ်သည့် ဂန္ဓကုဋီဂူ အဖြစ် တွေ့မြင်ရသည့် အပြင်အလှူရှင်များ၏ကောင်းမှုဖြင့် ဆင်းတုရုပ်ပွားတော်များစွာကို တည်ထားဖူးမြော်နိုင်ပြီ ဖြစ်ပေသည်၊ ထိုဂန္ဓကုဋီဂူမှ တစ်ဆင့် ရှေးဟောင်းဂူနေရာများအထိ ရောက်စေရန် စတင်ဆက်လက်ဖောက်နေပြီးလည်း ဖြစ်ပေသည်၊

ရွှေဥမင်ဂူအတွင်းတွင် တစ်မူထူးခြားထင်ရှားသော ရုပ်ပွားတော်တစ်ဆူမှာ အမြဲလိုလို အေးစိမ့်နေပြီး လူများချွေးထွက်သကဲ့သို့ စိုပြီးအေးနေ သောကြောင့် "ချွေးထွက်ကိုယ်တော်" ဟု လူအများ ခေါ်ဝေါ်ကြလေသည်၊နာမကျန်းသူများ ရောဂါဖိစီးခံရသူများ အဓိဋ္ဌာန်ဝင်ပူဇော်ပါက ရောဂါ ပျောက်ကင်းစေနိုင်သည့် "ဆေးဘုရား"



မှာလည်း ထင်ရှားပါသည်။

ထိုဆေးဘုရားမှ ဘယ်ဘက်သို့ ဆက်လက်သွားလျှင် သီးခြားလိုဏ်ဂူတော်ငယ် တစ်ခုရှိပေသည်။ ထိုလိုဏ်ဂူငယ်မှာ ရှေးနှစ်ပေါင်း (၇၀) ခန့်က ကိုရင်ကြီးတစ်ပါးဖြစ်သည့် "ကိုရင်အောင်" မှာ အဓိဋ္ဌာန်ဝင်တရားပေါက်မြောက် အောင်မြင်ခဲ့ပါသည်။ ကိုရင်အောင်၏ ရှေးယခင်ကလည်း အဆိုပါ "အောင်မြေလိုဏ်ဂူတော်" မှာပင် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်မြောက်များစွာ ရှိခဲ့ကြောင်း စကားစဉ်ဆက်ရှိခဲ့ပါသည်။

ဂူလမ်း၏ ညာဘက်တွင်လည်း နားပေါက်ပါရှိသည့် အနော်ရထာမင်း တောင်းမှု ဆင်းတုတစ်ဆူလည်း ဖူးမြော်ရသည်။ ကျန်ထူးခြားသောဆင်းတုတော်တစ်ဆူမှာ မြတ်စွာဘုရား၏ မွေတော်ဓါတ်တော်များ ကိန်းအောင်း လျက်ရှိသဖြင့် "မွေဒေသ်စေတီ" ဟုခေါ်တွင်လျက်ရှိပေသည်၊ ယင်းမွေတော်ဆင်းတုတော်၏ လုံခြုံမှုအတွက် ရွှေဥမင်ဘုန်းကြီးကျောင်းတိုက်သို့ လွှန်ခဲ့သောနှစ် (၄၀)ခန့်မှ ပင့်ဆောင်ပြီး ရွှေဥမင်ကျောင်းတော် ဘုရားခန်းတွင် ကိန်းဝပ်စမ္ပါယ်တော်မူလျက်ရှိပေသည်။

အထက်ပါ မွေတော်ဆင်းတုတော်အား မွေတော်စေတီဟုခေါ်တွင်ကြပြီး တစ်နှစ်တစ်ကြိမ်အပူဇော်ခံလှည့်လည်လျက် ရွှေဥမင်ရွာအတွင်းသို့ ပင့်ဆောင်ပူဇော်လေ့ ရှိပေသည်။ ရွှေဥမင်ဂူကြီးမှာ ကျောက်တုံးကျောက်စိုင် များဖြင့် တည်ရှိသောကြောင့် အချို့ကျောက်တုံးကြီးများမှာ အမြင်အားဖြင့် ကြည့်လျှင် ပြုတ်ကျမည်ကိုပင် စိုးရိမ်စရာအဖြစ် မြင်တွေ့ကြရပေမည်။

ရွှေဥမင်ရုပ်ပွားတော်ရှိရာ လိုဏ်ဂူတော်အပြင်ဘက်တွင်လည်းရှည်လျားသော လိုဏ်ဂူတော်ကြီးတစ်ခု ရှိပါသည်။ လိုဏ်ဂူတော်အရှည်မှာ ပေ (၁၀၀၀) ခန့်ရှိသော်လည်း ပေ (၄၀၀)ခန့်မှာ လူသွားနိုင်သည် အထိ ပြင်ဆင်ပြီး ရုပ်ပွားတော်ဆင်းတုတော်များသည်း

www.burmeseclassic.com

www.burmeseclassic.com



စမ္ပါယ်နေကြပြီ ဖြစ်သည်။

လိုဏ်ဂူတော်အတွင်းတွင် ကျောက်ခတ်ကျောက်ပန်းများ၊ ကျောက်တန်းကျောက်နွယ်များဖြင့် တန်ဆာဆင်ကာ လှပလျက် ရှိပါသည်။

ယခုအခါတွင် ကားလမ်းမှ ကြည့်လိုက်လျှင် ရွှေဥမင်ကျောက်တောင်ကြီးကိုသာ မြင်တွေ့နိုင်ပြီး ဂူပေါက်ဝနှင့် အတွင်းမှ ရုပ်ပွားတော်များ ကို မြင်တွေ့ရမည် မဟုတ်တော့ပေ။ ဆရာတော် ဦးစန္ဒာဘာသ အမှူးပြု၍ ဂူ၏အဝတွင် အာရုံခံတန်ဆောင်း တစ်ခုပြုလုပ်ထားသော့ကြောင့် အာရုံခံ တန်ဆောင်း အတွင်းဝင်ကြည့်မှသာလျှင် ရွှေဥမင်ဂူအတွင်းသို့ ရုပ်ပွားတော် ဆင်းတုတော်များကို မြင်တွေ့ရမှာ ဖြစ်ပေသည်။

**လိုဏ်ဂူတော်များ**

သဘာဝလိုဏ်ဂူ ဓမ္မယောင်းရွှေဥမင်ဘုရားသည် အဓိကလိုဏ်ဂူတော် (၂) ခုဖြင့် ဆင်းတုတော်၊ စေတီတော်များ တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည်။ ရှေးယောင်းဆင်းတုတော်များ တည်ရှိနေသော လိုဏ်ဂူတော်ကို "**မူလလိုဏ်ဂူတော်**" ဟုသညာထားရှိပြီး ယင်းလိုဏ်ဂူတော်၏ အရှေ့ဘက်ရှိ လိုဏ်ဂူတော်ကို "**အထက်လိုဏ်ဂူတော်**" ဟုသညာပြုပါသည်။

**မူလလိုဏ်ဂူတော်များ**

မူလလိုဏ်ဂူတော်မှာ ဆင်းတုတော်များ ပြည့်နှက်နေပြီး အလျားပေ (၄၀၀) ခန့်ရှည်လျားပါသည်။ လိုဏ်ဂူတော်လမ်းမှာ ပိတ်လု နီးပါး ဖြစ်ခဲ့သဖြင့် ၁၉၉၇ ခုနှစ်တွင် ထပ်မံတူးဖော် ပူဇော်ခဲ့ရပါသည်။

မူလလိုဏ်ဂူတော်မှာ အကြမ်းအားဖြင့် လမ်းသွယ်(၂)သွယ်ရှိပါ



သည်။ လမ်းသွယ်တစ်ခုမှာ ပဥ္စဝဂ္ဂီငါးပါးအား ဓမ္မစကြာ ဟောဟန်နောက်မှ တစ်ဆင့်ဆင့်တက်ပြီး သွားရသည့်လမ်း ဖြစ်ပါသည်။ ထိုလမ်းသည် ရှေးယခင်က ပုဂံသို့ လည်းကောင်း၊ ပင်းတယ ရွှေဥမင်ဘုရားသို့ လည်းကောင်းပေါက်ရောက်ကြောင်း ရှေးယခင်မှ တစ်ဆင့် မှတ်သားရဖူးပါသည်။

ယခုအချိန်တွင် လမ်းမှာ အန္တရာယ်ဖြစ်နိုင်သဖြင့် ပုံလွှန်တော်မူခဲ့သည့်ဆရာတော်ဦးစန္ဒာဘာသမှလမ်းကိုပိတ်၍ ဓမ္မစကြာတရားဟောဟန် ဆင်းတုတော်များ ထုလုပ်ကိုးကွယ်ခဲ့ခြင်း ဖြစ်သည်။

လမ်းသွယ်တစ်ခုမှာ မွေတော်ဆင်းတုတော်၏ ကျောင်းဆောင်မဟာ်မှ ညာဘက်သို့ ချိုးတွေ့ရသော ယမ်းဖြစ်ပါသည်။

ထိုလမ်းအဆုံး ဂန္ဓကုဋီလိုဏ်ဂူတော်ကြီးမှ ဆက်လက်သွားရသောလမ်း ဖြစ်ပါသည်။

ထိုလမ်းသည် အနည်းဆုံးတစ်မိုင်ခွဲ၊ နှစ်မိုင်အထိပေါက်ရောက်နိုင်ပါသည်။ ယခင်ကရွှေဥမင်တောင်ရွာရှိ ဂူပေါက်ဝသည် လည်းကောင်း၊ အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ် အိမ်ထောင်သည်လိုင်းနှင့် လူပျိုလိုင်းအနီးရှိ ဂူပေါက်ဝ (၂) ခုသည်လည်း ယင်းလိုဏ်ဂူတော်ဖြင့် တစ်ဆက်တည်းပင် ဖြစ်ပါသည်၊ ထိုလိုဏ်ဂူတော်အား ဆက်လက်ဖောက်လုပ်လျက်ရှိပါသည်၊

ဆရာတော်ဦးစန္ဒာဘာသသည် ကိုရင်ဘဝက ထိုလိုဏ်ဂူတော်အတွင်းသို့ ဆွမ်းစားပြီးစမှ နေဝင်ကာနီးအထိ မီးတုတ်ဖြင့် ဝင်ရောက်ခဲ့ရာ ဆုံးအောင် မသွားနိုင်ခဲ့ကြောင်း မိန့်ကြားမှတ်သားရပါသည်။

**အထက်လိုဏ်ဂူတော်**

အထက်လိုဏ်ဂူတော်မှာ ခပ (၁၀၀၀)ကျော်ခန့် အထိ ရှည်လျားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

လိုဏ်ဂူတော်မှာ လမ်း(၂) ထပ် သဖွယ်တွေ့မြင်ရပါသည်။ လိုဏ်ဂူတော်မှာ ကျဉ်းမြောင်းသော်လည်း မြင့်မားပြီး ကျောက်ခတ်၊ ကျောက်စက်တို့ဖြင့် ရှုမဝနိုင်အောင် ရှိလှသည်။ အမြဲတမ်းလည်း ကျောက်စက်ရေတို့ ကျလျက် ရှိပါသည်။ ထိုကျောက်စက်ရေများ အမြဲကျသဖြင့် လမ်း (၂)ထပ် သဖွယ် တွေ့ရခြင်း ဖြစ်ပါသည်။

လိုဏ်ဂူတော်မှာ နှစ်ပေါင်းများစွာ ကြည်ရှုသူမဲ့ခဲ့ပါသည်။ ထိုကာလ အတွင်း အောက်ခြေမြေသည် စုန့်တက်ခြင်း၊ ရေဖြင့်ပို့ချခြင်းဖြင့် မြင့်တက်ခဲ့ ရပါသည်။

ထိုသို့ မြေသားမြင့်တက်၊ ပို့ချနေစဉ် ကျောက်စက်ရေများကလည်း ဘစ်ပြိုင်တည်းကျလျက် ရှိပါသည်။ ကာလကြာသောအခါကျောက်စက်ရေ တွင်ပါသော ထုံးကျောက်များ မာကျောလာရပါသည်။ ထိုအချိန်တွင် စုန့်တက်၊ ပို့ချမြင့်တက်ခဲ့သော မြေသားမှာ တစ်ဖြည်းဖြည်း အောက်သို့ကျသက်၍ ကျစ်လစ် လာရပါသည်။

သို့အတွက် ယခုအချိန်တွင် လိုဏ်ဂူတော်မှာ လမ်း (၂) ထပ်ကဲ့သို့ တွေ့မြင်နေရခြင်း ဖြစ်ပါသည်။

လိုဏ်ဂူတော်အား ၁၉၉၇ ခုနှစ်မှ စတင်ပြုပြင်ခဲ့ရာ ပေ (၄၀၀) ကျော်အထိ သန့်ရှင်းနေပြီ ဖြစ်သည်။ ဆင်းတုတော်ကြီး (၅)ဆူနှင့် ဆင်းတုတော် များစွာကို တည်ထားခဲ့ပြီးလည်း ဖြစ်ပါသည်။

လိုဏ်ဂူတော်၏ အတွင်းပိုင်းဘက်သို့ ခက်ခက်ခဲခဲပြင်ရမည့် အနေအထား ဖြစ်ပါသည်။

သို့ရာတွင် သူတော်စင်ပုဒ္ဓနွယ်ဝင်တို့၏ စေတနာဖြင့် မကြာမြင့်မီ ပြုပြင်ပြီးစီးနိုင်မည်ဟု ယုံကြည်ရပါသည်။

**လိုဏ်ဂူတော် (၂) ခု၏ ထူးခြားချက်**

ဘူမိဗေဒပါမောက္ခများ၏ အဆိုအရ ၎င်းလေ့လာဖူးသည့် လိုဏ်ဂူများအနက် ဤဂူသည် ဘူမိတည်ဆောက်ပုံ ထူးခြားနေကြောင်း သုံးသပ်ခဲ့ပါသည်။



နိုင်ငံတော်တွင် ကျော်ကြားသော ဆရာတော်ကြီး တစ်ပါး၏ မိန့်ကြားချက်မှာ အထက်လိုဏ်ဂူတော်တွင် ဘုရားသိုက်တော်ကြီး ရှိကြောင်း ကျောက်သံပတ္တမြားထွက်ရှိကြောင်း၊ ရွှေထွက်ရှိကြောင်း သိရှိရပါသည်။ ဂေါပကအဖွဲ့၏ စမ်းသပ်ချက်အရ ထိုဂူပြုပြင်စဉ် တူးဖော်ရရှိသော မြေသားများအား ကြဉ်ကြည့်ရာ ရွှေအသင့်အတင့် ထွက်ရှိကြောင်း တွေ့ရှိရပါသည်။

သို့အတွက် "**ရွှေဥမင်**" ဟူသော ဘွဲ့တော်ဖြင့် သဟဇာတ ဖြစ်လျက် ရှိပါသည်။

**ရွှေဥမင်ဘုရား၏ ထူးခြားချက်များ**

၁။ စေတီတော်များမှ မကြာခဏ ရောင်ခြည်တော်လွှတ်ခြင်း၊

၂။ အလယ်ဂူအား ပြင်ဆင်ရန်စီမံစဉ် ထိုအလယ်ဂူမှ ကြယ်တံခွန်ကဲ့သို့ သော အလင်းတန်းကြီး ထွက်လာပြီး စေတီတော်များသို့ တစ်ပတ်ပတ်၍ ထိုအလယ်ဂူသို့ ပြန်လည်ဝင်ရောက်ခဲ့ခြင်း၊

၃။ ၁၉၉၆ ခုနှစ်၊ လိုဏ်ဂူတော်အား ပြင်ဆင်ရန် စတင်စီစဉ်နေစဉ် လိုဏ်ဂူတော် အတွင်းမှ ကျောက်မောင်း၊ ကျောက်စည်တီးခတ်သံများညအချိန် မကြာခဏ ကြားရခြင်း၊

၄။ လိုဏ်ဂူတော်အတွင်း အောက်ခြေနေရာတွင် တရားအားထုတ်ခဲ့သော "**ကိုရင်အောင်**" အမည်ရှိသံဃာတော်တစ်ပါးမှာ လွန်ခဲ့သည့် နှစ်ပေါင်း (၅၀)ကျော်က ထွက်ရပ်ပေါက်ခဲ့ခြင်း၊ ၎င်းကိုရင်အောင် နှင့် အတူ အခြားသူတော်စင်ပုဂ္ဂိုလ်တို့သည် လိုဏ်ဂူတော်အတွင်း အမြဲစောင့်ရှောက်လျက်ရှိခြင်း၊

၅။ ဘုရားအား လှူမည်ဟု ကတိပေးပြီး မလှူဖြစ်ပါက ငြိုလ်ထိုးကြမှာ

www.burmeseclassic.com

www.burmeseclassic.com

ဆိုးများ ကျရောက်တတ်သဖြင့် ကြိုတင်ကာကွယ်ပေးမှုကို ရှောင်ကြဉ်သင့်ခြင်း။

၆။ ဘုရားဝင်းအတွင်း တစ်စုံတစ်ခုပြင်ဆင်မည် (သို့မဟုတ်) လှူဒါန်းမည်ဟု ဂေါပကအဖွဲ့မှ ရည်ရွယ်ပါက လှူဒါန်းမည့်ပုဂ္ဂိုလ်များ မကြာမီပေါ်ပေါက်၍ ရည်ရွယ်ချက် ပြည့်မြောက်ခြင်း။

၇။ မူလစေတီတော်အတွင်းရှိ ရုပ်ပွားတော်မှာ မျက်ရှင်တော်ဖြစ်သဖြင့် စူးစူး ဂရုပြုဖူးမြော်ပါက ရုပ်သွင်တော်ပြောင်းလဲတတ်ခြင်း၊ အထူးသဖြင့် ပြုံးတော်မူလာခြင်း။

၈။ အဓိဋ္ဌာန်ဖြင့် ပူဇော်ပါက အလိုပြည့်ဝခြင်း၊ အထူးသဖြင့် နာမကျန်း သူများဆေးဘုရားတွင် အဓိဋ္ဌာန်ဝင်ပါက အနာရောဂါ ပျောက်ကင်းခြင်း။

၉။ လိုဏ်ဂူတော်ထူးခြားစွာ မြောက်သို့မျက်နှာမူသဖြင့် အဓိဋ္ဌာန်ဝင်ပါက လွယ်ကူစွာ အောင်မြင်နိုင်ခြင်း။

၁၀။ မူလလိုဏ်ဂူတော်အား ဆက်လက်တူးဖော်ဖောက်လုပ်လျက်ရှိရာ ညပိုင်းများတွင် ဆက်လက်တူးဖော်နေသည့် အသံများ ကြားနေရခြင်း၊

## သမိုင်းအစ

သီရိဓမ္မာသောကမင်းကြီးသည် သာသနာတော် သက္ကရာဇ် (၂၁၈) ခုနှစ်တွင် ဇမ္ဗူဒီပ ကျွန်းလုံး၌ ဧကရာဇ်မင်း အဖြစ် ဘိသိက်ခံတော်မူ၏။

သာသနာတော်ကို ကြည်ညိုသည်ဖြစ်၍ အင်္ဂါအားဖြင့် ကိုးပါး၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်ကုန်သော တရားတော်မြတ်ကို ပူဇော်သောအားဖြင့် ရှစ်သောင်းလေးထောင်ကုန်သော စေတီတော်တို့ဖြင့် တန်ဆာဆင်အပ်သော ကျောင်းတို့ကို ဆောက်လုပ်လှူဒါန်းတော်မူ၏၊

အဇာတသတ်မင်း ဓာတ်တော်များ ဌာပနာထားရာ ထုပါရုံစေတီမှ



ဓါတ်တော်များကို ပင့်ဆောင်၍ ထိုကျောင်းတော်များရှိ စေတီတော် ရှစ်သောင်း လေးထောင်၌ ပူဇော်တော်မူ၏။

သာသနာတော် သက္ကရာဇ် (၂၃၄)ခုနှစ်သို့ ရောက်သောအခါ အရှင်မဟာမောဂ္ဂလိ ပုတ္တတိဿ မထေရ်မြတ်သည် ခြောက်သိန်း ကုန်သော ရဟန်းတို့တွင် ပိဋကတ်သုံးပုံကို ဆောင်ကုန်သော ပဋိသမ္ဘိဒါ ပတ္တတေဝိဇ္ဇ ဖြစ်ကုန်သော တစ်ထောင်သော ရဟန္တာတို့ကို ရွေးတော်မူ၍ ပြာသိုလပြည့် နေ့မှသည် (၂၃၅) ခု သီတင်းကျွတ်လပြည့်တိုင် တတိယသင်္ဂါယနာတင် တော်မူ၏။ သင်္ဂါယနာတင်သည်၏ အဆုံး၌ မြေကြီးသည်းစွာ အကြိမ်ကြိမ် လှုပ်လေသည်။

ဤသို့ဆောင်ရွက်ပြီး အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်သည် ကား နောင်သောအခါ အဘယ်အရပ်၌ သာသနာတော် တည်လတ္တံ့နည်း၊ ကြည့်ရှုဆင်ခြင်တော်မူ၍ ပစ္စန္တဇနပုဒ်ဖြစ်သော ကိုးဌာနတို့၌ သာသနာပြုများ စေလွှတ်တော်မူသည်။

ဤတွင် ကျွန်ုပ်တို့ မြန်မာပြည်ပါဝင်သော သုဝဏ္ဏဘူမိသို့ ဥတ္တရ ထေရ်နှင့်သောဏထေရ် တို့ကို စေလွှတ်သာသနာပြုခဲ့လေသည်။ ဤကား မြန်မာနိုင်ငံ၏ သာသနာတော် အကျဉ်းပင်တည်း။

ပြည်ထောင်စုမြန်မာနိုင်ငံတွင် မြတ်ဗုဒ္ဓသာသနာတော်သည် နေပမာ လပမာ ထွန်းပြောင်၍ ပွင့်လင်းသာယာ လျက်ရှိပေသည်။ သို့ဖြင့် စေတီ၊ ပုထိုးကျောင်း၊ ကန်၊ ဘုရားများသည် ရွှေရောင်ပြောင်လင်း ရွှန်းဝင်းစည်သာ နေသည်မှာ မြို့ရွာနယ်ပါမကျန် အောင်ပင် ရှိပေသည်။

ဘိုးစဉ်ဘောင်ဆက် အဆက်ဆက်က ဆည်းကပ်ကိုးကွယ်ခဲ့သည့် တန်ခိုးကြီး ဘုရားများ အမြောက်အများ ရှိသည့်အနက် ကလောမြို့ရှိ သဘာဝလိုဏ်ဂူ ရွှေဟောင်း ရွှေဥမင်ဘုရားသည်လည်း တစ်ဆူ အပါအဝင် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

မြန်မာစွယ်စုံကျမ်း အတွဲ(၁) စာမျက်နှာ (၁၃၄/၁၃၅) တွင်"အမ်းမရွှာ အနီးဥမင်တစ်ခုတွင်ရှိသော ရွှေဥမင်ဘုရားမှာ ထင်ရှားကျော်ကြား၍ နှစ်စဉ် ဘုရားပွဲကျင်းပတိုင်း အရပ်ရပ်မှ ဘုရားဖူး အထူးစည်ကားစွာ လာရောက်ကြသည်" ဟုရေးသားဖော်ပြ မှတ်တမ်းတင်ထားရှိကြောင်း တွေ့ရှိရပါသည်။

### ကလေးဝပါထင်ရွှေဥမင်

ကလေးမြို့သည် သာစည်၊ တောင်ကြီးမြို့သို့ ဆက်သွယ်ထားသည့် ကားလမ်း၊ ရထားလမ်းပေါ်တွင် တည်ရှိသည်။ ကားလမ်းအားဖြင့် သာစည် မြို့မှ (၆၂) မိုင်ရှိပြီး တောင်ကြီးမြို့နှင့် (၄၄)မိုင်ဝေးကွာပါသည်။ပင်လယ်ရေမျက်နှာပြင်အထက် (၄၃၁၅)ပေအမြင့်တွင်ရှိပါသည်။

"ကလေး"ဆိုသည်မှာ ပလောင်ဘာသာစကားဖြင့် "လေ့"ဟု အဓိပ္ပါယ်ရသော "ကလေးက်" ဟူသောစကားမှ ဆင်းသက်လာခြင်းဖြစ်သည်။

ကလောမြို့မှတ်တမ်းတွင်မူ "ရှေးကရှမ်းနွားလှည်းကုန်သည်များ စခန်းချရပ်နားရာ "ကယ်လော့" ဟူသောအမည်မှ ကာလကြာမြင့်သော အခါ "ကလော" ဟု ရွေ့လျားခေါ်တွင်လာကြောင်း ဖော်ပြထားရှိပါသည်။"

သို့ဖြစ်၍ ကလောမြို့သည် ပြည်မမှ ရှမ်းပြည်နယ်သို့ အရှေ့မှမကို စတင်ကျော်ဖြတ်သည့် တောင်စွယ်၊ တောင်တန်း၊ တောင်ဆင်နှာမောင်း အကြားတွင် အေးချမ်းသာယာစွာ တည်ရှိနေသည့် တောင်ပေါ်စခန်း မြို့လေးတစ်မြို့ ဖြစ်ပါသည်။

ကလောမြို့သည် ရှမ်း၊ ဓနု၊ ပအိုဝ်၊ ပလောင်နှင့် ဗမာတို့ ရောနှော နေထိုင်ကြ၏။ ပြည်မ၏အဆုံး ရှမ်းပြည်နယ်၏အစ ဖြစ်၍ မောမြေဦး



အလှပတင်စားခေါ်ဝေါ်ကြ၏။ ထင်းရှူးတန်းနှင့် နေကြာပန်းတောများ ဒေလီယာစိန်ပန်းပြာနှင့် ချယ်ရီတို့ ဝေဖြာလှသော သာယာရွှေပြည်မြို့ လေး ဖြစ်ဘိ၏။

ကလောမြို့ လေးထင်ပေါ်ကျော်ကြားအေးချမ်းရခြင်းသည် ရွှေဥမင်ဘုရား၏ တန်ခိုးတော်ပင် ဖြစ်၏။ ထိုအဆိုကို နယ်မြေခံတိုင်းရင်းသားများက အစဉ်အလာကပင် ယုံကြည်ခဲ့ကြသည်။ ပထမ၊ ဒုတိယ ကမ္ဘာစစ်ကြီးများမှသည် ပြည်တွင်းစစ်ကာလအထိ ကလောမြို့ ဘေးမခရခြင်းမှာ ရွှေဥမင်ဘုရား၏ ဘုန်းရိပ်ပင် ဖြစ်ပါသည်။

### သိဒ္ဓိမမွှာသောကဘုရင်ရွှေဥမင်

ရှေးဟောင်းပေစာတွင် အောက်ပါအတိုင်း ဖော်ပြပါရှိပါသည်-
"တောင်ညို၏ အရှေ့ဆင်တောင်ရှိ၏၊ ဆင်တောင်အရှေ့မြောက်က ဆင်ဖြူတွင်းဟူ၍ ရှိလေသည်။ မနီးမဝေးတောင်ထိပ်တွင် စာတိ (စေတီ) တစ်ဆူရှိ၏။ စေတီအနောက်မြောက်ဘက်တွင် ကုန်းရှိ၏၊ တောင်အနောက်က တောင်ပြက်လဲ လွန်တောင်ထိပ်စွန်းမှာ ခွေတွင်းရှိ၏၊ တောင်အနောက်ကားကြေးတွင်း မြောက်ကားဥမင်ရှိ၏၊ဘုရားရှိ၏၊ ခမ္မာသောတတည်ထားစေတေသုတ်သင်ထားသည်၊ နတ်များတကာ စောင့်ကြပ်ပါလော့ . . . ဆင်တောင် အရှေ့က ဟသ်ာတောင်ဟူ၍ရှိ၏၊ ဟိမတောင်အရှေ့က တောင်ဖီလာဟူ၍ရှိ၏၊ တောင်ဖီလာ အရှေ့က ဟသ်ာတောင်ဟူ၍ရှိ၏။ မေတ္တာကန်အရှေ့က တောင်လတ်တွင်ရှိ၏၊ ဝကိုင်းလုံးရှိ၏၊ ဟသ်ာတောင်မြောက်ဘက်ခြေရင်းတွင် သိန္ဓောရာရှိ၏၊ မေတ္တာကန်အနောက်ကလည်း အင်းပက်လက်ကန်ရှိ၏၊ မေတ္တာကန် အင်းခေါင်းတည်း၊ အနောက်တောင်က ဥမင်ရှိ၏၊" ဟု ဖော်ပြထား ပါသည်။

ရွှေဥမင်ဘုရား၏ အရှေ့မြောက်တွင်အင်းပြင်ရေထွက်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com

ရွှေဥမင်ဘုရား၏ မြောက်ဘက်နှင့်တောင်ဘက်တွင် ရွှေဥမင်ကျေးရွာက ဝိုင်းပတ်နေ၏။ ထိုရွှေဥမင်ရွာအစွန်မြောက် ယွန်းယွန်းတောင်ဘက်တွင် ကြာခွယ်ကန်နှင့် (၂) မိုင်ကျော်ဝေးသည့် အကွာတွင် ပင်ဇီအင်းရှိလေသည်။(ယခုအချိန်တွင် ပင်ဇီအင်းအားရေအေးကန်ဟု လူသိများပါသည်)

ရွှေဥမင်လိုဏ်ဂူတော်အတွင်းတွင် သီရိဓမ္မာသောကမင်းကြီး တည်ထားခဲ့သော စေတီတော် (၂)ဆူရှိပါသည်၊ ရွှေအတိဖြင့် ဌာပနာခဲ့သော စေတီတော်အား "ရွှေစေတီ"ဟူ၍လည်းကောင်း၊ ငွေအတိဖြင့် ဌာပနာခဲ့သော စေတီတော်အား "ငွေစေတီ"ဟူ၍လည်းကောင်း ဘွဲ့အမည် သတ်မှတ်ကြည်ညိုလျက် ရှိပါသည်။

ထိုစေတီတော်(၂)ဆူသည်ကား အသောကမင်းကြီး၏ ကောင်းမှုတော် ရှစ်သောင်းလေးထောင်များမှ စေတီတော်များပင် ဖြစ်သည်၊

သို့ဖြစ်၍ သဘာဝလိုဏ်ဂူတော်ရှေးဟောင်းရွှေဥမင်ဘုရားသည် သာသနာ့ ဒါယကာ သီရိဓမ္မာသောက ဘုရင်၏ ရွှေဥမင်ဖြစ်သည်ကား အထင်အရှားပင် ဖြစ်သည်၊

နောက်မင်းများပြုပြင်ရွှေဥမင်

သမိုင်းအထောက်အထားများအရ အနော်ရထာမင်းကြီးသည် သက္ကရာဇ်(၄၀၁) ခုနှစ်တွင် ညောင်ရွှေအင်းတိန်၌ ပေါရိသာဘုရားကို တည်ထားခဲ့ကြောင်း ရွှေယင်မှော်ဘုရားရှိ ခြုံ ရဂုံတို့ကို ခုတ်ထွင်ရှင်းလင်း ထပ်မံ တည်ထားပြီး အပြန် တိုင်းတက် (ယခုလှိုင်းတက်ရွာ) တို့ ဝင်ကာ ဘုရားလှူဘုရားကို တည်တော်မူ၏။ မင်းမြတ်သည် မင်းစည်းစိမ်(၄၃)နှစ် ပတ်လုံး သာသနာတော် စီးပွားတို့ကို ဆောင်ရွက်တော်မူခဲ့ကြောင်း ဖော်ပြထားရှိပါသည်၊

သမိုင်းမတင်ရသော သာသနာတော်အကျိုးကား အနန္တမ များပြားလှဘိ၏၊ ကလောမြို့မြောက်ဘက် ဟင်္သာတောင်(ဟင်္သာကုန်း)



မြောက်ဖျားတွင် သစ္စာတောင်ဟူ၍ ရှိ၏။ ဝက်ကျဘုရားတည်ရှိရာ အိုးစည်တောင်နှင့် ယှဉ်လျက်တည်း။

ထိုတောင်တွင် ရှေးဟောင်းစေတီတစ်ဆူရှိခဲ့၏။ အနော်ရထာမင်းကြီးသည် စစ်တိုက်ရန်ရှိပါက ထိုစေတီနှစ်ဆူ သို့ လာရောက်ပူဇော်ကာ သစ္စာပြုလေ့ရှိ၏။ ထို့ကြောင့် သစ္စာတောင်ဟူ၍လည်း အမည်တွင်ဖြစ်သည်။

ရှေးဟောင်းစေတီတော်တို့ ကား ပြိုပျက်ခဲ့လေပြီ။ သို့သော် ထိုနေရာတွင် မနောလှစေတီကို တည်ထားခဲ့ပြီး ဖြစ်လေသည်။

ထို့အပြင် ကလောမြို့ ဓမ္မစကြာကျောင်းတိုက်တွင်လည်း ရှေးဟောင်းစေတီတော်ရှိလေ၏။ စေတီတော်၏ ဒါယကာမှာ အနော်ရထာမင်းမြတ်ပင် ဖြစ်၏။ ထိုစေတီတော်တည်ထားချိန်နှင့် တစ်ပြိုင်တည်းပင် ရွှေဥမင်လိုဏ်ဂူတော် အတွင်း၌ ရုပ်ပွားဆင်းတုတော်များ တည်ထားခဲ့ပါသည် ။ ထိုအဆိုကို ယခုတိုင် တည်ရှိနေသော ပုဂံခေတ် ရှေးဟောင်း ရုပ်ပွား တော်များက သက်သေခံ အတည်ပြုလျက် ရှိပါသည်။

မှန်နန်းရာဇဝင် (စာ-၂၃၆)တွင် "တစ်ရံရောအခါက လက်ထုပ်အရပ်၌ ကြိုးကနှင့် တကွမြင်းလေးစီးသည် လူတို့ဖမ်း၍လည်းမရနိုင် အရှင်လည်းမရှိ၍ မင်းကြီးနားတော်လျှောက်၏၊ မင်းကြီးသည် သူရဲကောင်းလေးယောက်တို့ကို ရအောင်ဖမ်းချေဟု စေတော်မူ၏၊ ရှင်းတို့သည် ဖွဲ့ရဲလှုပ်၍ ရေသို့ချပြီးလျှင် မြင်းလေးစီးကိုလည်း ရေသို့ကျလေ၍ ကူးရာတွင်မှ တက်၍ စီးကြလေသည်၊" ဟုဖော်ပြ မှတ်တမ်းတင်ထားရှိပါသည်။

ထိုရာဇဝင်ပါရေချိုသောအင်းမှာ ပင်ဇီအင်းပင်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ပင်ဇီအင်း၏ အနောက်ဘက်အနီးတွင် မြင်းများ

www.burmeseclassic.com

www.burmeseclassic.com

တောက်သည့် "အထက်မြင်းကောက်ကွင်း" "အောက်မြင်းကောက်ကွင်း" ဟူသောအရပ်အမည်ကို ယခုတိုင် ခေါ်ဝေါ်သုံးစွဲလျက်ပင် ရှိပါသည်။ ထို့ပြင်တဝ ကလောမြို့မြောက်ဘက် (၂) မိုင်ခန့် အကွာတွင် မြင်းတိုက သည့် "မြင်းကာ"ရွာသည် ယခုတိုင် တည်ရှိနေပါသည်။

ကလောမြို့ အရှေ့ဘက်တွင် ကန့်လန့်ဖြတ်တောင်တန်းကြီး တသွယ် တည်ရှိနေ၏။ မှိုင်းလုံတောင်ဟု အမည်တွင်ပါသည်။ ထိုတောင်တန်းကြီးတွင် မိုးတိမ်များထိပြီး မှိုင်းလာပါက ဧကန်ပင် မိုးရွာသွန်းမှုပြုသဖြင့် မှိုင်းလုံးတောင်ဟု အမည်သညာ ပြုခြင်းပင်။ ထိုတောင်တော်ကို ရှေးယခင်ကပင် "မင်းပုန်းတောင်" ဟုခေါ်ခဲ့ပါသည်။

ကျွန်စစ်မင်းကြီးသည် အနော်ရထာမင်းစော မျက်သဖြင့် ရှောင်တိမ်းစဉ် ယင်းတောင်တော်၌ ပုန်းအောင်းခိုလှုံနေရသဖြင့် ယင်းအမည်တွင် ခဲ့ရခြင်း ဖြစ်ပါသည်။

သို့ဖြစ်၍ကျန်စစ်မင်းကြီးသည်လည်း ကလောမြို့တွင် စေတီတော်မြတ်တစ်ဆူတည်ထားကိုးကွယ်ခဲ့ပါသည်။ ယင်းစေတီတော်မှာ အိုမင်းယိုယွင်း ပျက်စီးကာအုတ်ပုံအတိဖြစ်ခဲ့ရာ ဆရာတော် ဦးသာသနမှ ငုံ၍ တည်ဆောက်ပြုပြင်ခဲ့ရာ ယခုအချိန်တွင် ဗြိုလ်မြေရန်မြေ ဘုရားဟု ဘွဲ့အမည်တော်တွင်၍ စည်ကားခဲ့ပြီ ဖြစ်ပါသည်။

ဇမ္ဗူသပြေပင်ရင်း၌ သိကြားမင်းပေးသော သိရိကြိဘဝနာဒိတျာ ပဝရ ပဏ္ဍိတသုဓမ္မရာဇာ မဟာဓိပတိနရပတိစည်သူ ဟု အမည်တွင်သည်။ အလောင်းစည်သူမင်းကြီးသည်လည်း တောင်ငူနယ်ဘက်မှ တစ်ဆင့် ရှမ်းပြည်နယ်သို့ တိုင်းခန်းလှည့်လည်ခဲ့ပါသည်။ မင်းတရားကြီးသည် လွိုင်လင်၊ လဲချား၊ ရပ်စောက်၊ မိုးနဲ၊ ဆင်တောင်စသည့် မြို့ရွာများသို့ ရောက်ရှိစဉ် ကောင်းမှုတော်များကို ပြုပြင်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

အလျဉ်းသင့်၍ ဖော်ပြရသော် ထိုပုရပိုဒ်တွင် သိရိဓမ္မာသောက



မင်းကြီး၏ ကောင်းမှုတော်ဆင်တောင်စေတီတော်နှစ်ဆူတွင် မင်းတရားကြီးမှ ထပ်မံမွမ်းမံခဲ့သော အကြောင်းအရာများ ကျယ်ပြန့်ခန်းနားစွာ ဖော်ပြထားကြောင်း တွေ့ရှိရပါသည်။

အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သည့် အတိုင်းရှေးမင်းကောင်းမင်းမြတ်များ ဖြစ်သည့် အနော်ရထာမင်းကြီး၊ ကျန်စစ်မင်းကြီး၊ အလောင်းစည်သူမင်းကြီးတို့သည် ရှမ်းပြည်သို့ ရောက်ရှိစဉ် အခြားတန်ခိုးကြီးဘုရားများ ပြုပြင်ခဲ့သကဲ့သို့ သဘာဝလိုဏ်ဂူရွှေဟောင်းရွှေဥမင် ဘုရားအတွင်းရှိ စေတီတော်များ ပြုပြင်ခြင်း ရုပ်ပွားဆင်းတုတော်များ ပြုပြင်မွမ်းမံခြင်း၊ အသစ်တည်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ရွှေဥမင်ဘုရားဝင်းအတွင်းရှိ "ဆုတောင်းပြည့် မူလစေတီတော်" သည် အလောင်းစည်သူမင်းကြီး၏ ကောင်းမှုတော်ပင် ဖြစ်ပါသည်။ လိုဏ်ဂူအတွင်းရှိ ရှေးဟောင်းရုပ်ပွားဆင်းတုတော်များမှာလည်း အထက် ဖော်ပြပါ မင်း(၃)ပါးနှင့် မင်းစိဖုရား၊ မင်းညီမင်းသား၊ နောက်လိုက်ဗိုလ်ပါ တို့၏ အဦးအစ ကောင်းမှုတော်များ ဖြစ်ပါသည်။ မျက်မြင်ပုံတော်များမှာ အထောက်အထား ခိုင်လုံနေပါသည်။

**နောက်ခေတ်ပြုပြင်ရွှေဥမင်**

စေတီတော်များနှင့် ရုပ်ပွားဆင်းတုတော်များ ယိုယွင်းပျက်စီးမှု- သဘာဝလိုဏ်ဂူရွှေဟောင်းရွှေဥမင် ဘုရားဝင်းအတွင်းတွင် ရှေးဟောင်းစေတီတော် (၃၆)ဆူ ရှေးဟောင်းစေတီတော်နေရာမှ တူးဖော်ရရှိသော ဓါတ်တော်၊ မွေတော်၊ ဌာပနာတော်များဖြင့် ပြန်လည်တည်ဆောက်ထားသည့် စေတီတော်တစ်ဆူနှင့် ၁၉၉၆ ခုနှစ်တွင် တည်ဆောက်ခဲ့သော ဗြိုလ်မြေ ရန်မြေ၊ မာန်မြေ၊ ဆန္ဒပြည့် စေတီတော်တစ်ဆူ စုစုပေါင်း (၃၈)ဆူ ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အစိက စေတီတော်မှာ အလောင်းစည်သူမင်းကြီး၏ ကောင်းမှု တော် “ဆုတောင်းပြည့်မှုလစေတီတော်” ဖြစ်ပါသည်။

စေတီတော်များသည် နှစ်ပေါင်း (၁၀၀၀)ကျော်ခန့်ကြာမြင့်ခဲ့လေပြီ။ ထို့ကြောင့် စေတီတော်စတင်တည်ထားခဲ့စဉ်က ရွှေထီးတော်များဖြင့် ခန့်ညားထယ်ဝါသပ္ပါယ်စွာ ရှိခဲ့မည်ဖြစ်သော်လည်း ကြာမြင့်လာသောအခါ အုတ်ရိုးများ ဆွေးမြေ့လာခြင်း၊ ထီးတော်များသံချေးတတ်ခြင်း စသည့် အကြောင်းများကြောင့် ပြိုကျပျက်စီးလု အခြေအနေသို့ ရောက်ရှိခဲ့ပါသည်။

လိုဏ်ဂူတော်အတွင်းတွင် ရှေးဟောင်းရုပ်ပွားဆင်းတုတော်(၇၆) ဆူနောက်ခေတ် အဆက်တည်ထားကိုးကွယ်ခဲ့သည့် ဆင်းတုတော် (၁၀၀) ကျော်စမွေါယ်လျက်ရှိပါသည်။ထို့အပြင် ရွှေစေတီနှစ်ဆူမှာ သီရိဓမ္မာသောကမင်းကြီး၏ ကောင်းမှုတော်ဖြစ်ပါသည်။သို့ဖြစ်၍စေတီတော်နှစ်ဆူမှာ နှစ်ပေါင်း (၂၃၀၀)ကျော် ကြာမြင့်ခဲ့ပြီဖြစ်၍ ရှေးဟောင်းရုပ်ပွားတော်များမှာနှစ် (၁၀၀၀)ခန့် ကြာမြင့်ခဲ့ပြီ ဖြစ်ပါသည်။

သဘာဝလိုဏ်ဂူတော်သည် ရှေးနှစ်ပေါင်း(၅၀)ကျော်က မိုးတွင်းကာလတွင် ရေဝင်ဂူဖြစ်ခဲ့သဖြင့် ထိုကာလတွင် ဘုရားဖူးလိုပါက လှေဖြင့်သွားရောက်ဖူးမျှော်ရပါသည်။ နှစ်ပေါင်းထောင်ချီကြာမြင့်ခြင်း လူနှင့် သဘာဝဒဏ်ကြောင့် ပျက်စီးကျိုးပျက်ခြင်းများ ဖြစ်ခဲ့ရပါသည်။ တစ်ချို့သော ရုပ်ပွားတော်များမှာ အပိုင်းပိုင်း အပြတ်ပြတ် ဖြစ်ရသည် အထိ အခြေအနေ ဆိုးဝါးခဲ့ပါသည်။

**ရွှေဥမင်ကျောင်းဆရာတော်ဘဒ္ဒန္တဘာသ၏ ကြိုးပမ်းချက်များ**

ဆရာတော်သည် ကျောင်းသားဘဝ၊ ကိုယ်ရင်ငယ်ဘဝမှစတင်၍ ရွှေဥမင်ကျောင်းတွင် နေထိုင်ကြီးပြင်းခဲ့ပါသည်။ ရွှေဥမင်ဘုရားနှင့် ရွှေဥမင်ကျောင်းသည် သီးခြားစီဖြစ်ပြီး ကတ္တရာလမ်းခြားကာ နှစ်ဖါလုံ ခန့်ဝေးကွာပါသည်၊ သို့သော်လည်း ဆရာတော်လောင်းလျာသည် ကလေးတို့ သဘာဝစေတီပျက်ဆင်းတုတော်တို့ အကြားတွင် ဆော့ကစားရင်းဖြင့် အချိန်ကုန်ရသည်က များ၏။

ဆရာတော်၏ပါရမီတော်သည် ထိုကျိုးပဲ့ပျက်စီးစပြုနေသော စေတီတော် ဆင်းတုတော်တို့ကို မြင်နေရသည်ကို စိတ်ချမ်းသာမှု မရှိခဲ့ပေ။ မိမိလူလားမြောက်လာပါက မိမိ၏စွမ်းအားဖြင့်၍စေတီတော် ဆင်းတုတော်များကို ပြင်ဆင်မွမ်းမံ စည်ကားစေမည်ဆိုသော ဦးလည်မသုန်သော စိတ်ဖြင့် သန္နိဋ္ဌာန်ချထားခဲ့သည်၊

သို့ဖြစ်၍ ရည်ရွယ်ချက်ကို စွမ်းဆောင်နိုင်မည့် ပန်းပညာ(၁၀)ရပ်ကို ကြိုးကုပ်သင်ယူခဲ့လေသည်၊ အထူးအသုံးဝင်နိုင်သော ပန်းရံ၊ ပန်းတဉ်း၊ ပန်းချီပညာရပ်တို့ကို အလေးထားလေ့လာခဲ့ပါသည်။

ဆရာတော်သည် ဦးပဉ္စင်း ဘဝမှ စတင်ပြုပြင်မွမ်းမံခဲ့သည်၊ ကျောင်းထိုင်ဘဝတွင် ဆွမ်းစားချိန်၊ အနားယူချိန်တို့မှ အပ ပန်းရံသုံး သံလက်ကိုလက်မှချသည်မရှိတော့ဘဲ နေကုန်နေခမ်း ကြိုးပမ်းပြုပြင်တော်မူခဲ့လေသည်၊

ဆရာတော်၏ ကောင်းမှုတော်ဖြင့် မြေခပျက်စီးတော့မည့်စေတီတော်များမှာ မြေစိုက်စေတီတော်များ အဖြစ်ယခုတိုင် တည်ရှိနိုင်ခဲ့ပါသည်၊

အုတ်ခုံအဖြစ်တည်ရှိနေသော စေတီတော်တစ်ဆူအား တူးဖော်ရာမှ ရရှိသော ဓါတ်တော်၊ မွေတော်၊ ဌာပနာတော်များကို ပြန်လည်ဌာပနာ၍ ရှေးဟောင်းစေတီတော်တစ်ဆူကို ရှေးဟောင်းစေတီတော်၏ ပုံသဏ္ဌာန်ဖြင့်ပင် ပြန်လည်တည်ထားနိုင်ခဲ့ပါသည်၊

ထိုစေတီဌာပနာတော်များ၏ ထူးခြားချက်မှာ ဌာပနာတော်များ၌ ဓါတ်တော်၊ မွေတော်များအပြင် ရွှေဆင်းတုတော်များသာမက ဘုရင်၊ မိဖုရား၊ မင်းညီမင်းသား၊ မှူးကြီး၊ မတ်ကြီး၊ စစ်သူကြီးရုပ်တုများပင်လျှင်

www.burmeseclassic.com

www.burmeseclassic.com

ပါဝင်ခဲ့ပါသည်။ ကျွမ်းကျင်သူများအဆိုအရ ဘုရင်တည်ထားခဲ့သည့် စေတီတော်ဖြစ်သည်ဟု သိရပါသည်။

ဆရာတော်သည် အဓိကစေတီတော်ဖြစ်သည့် "ဆုတောင်းပြည့် မူလစေတီတော်" နှင့် အရံစေတီတော်(၄)ဆူတို့ကို မှန်သတ်နှီးကပ်လျှ၍ ရွှေထီးတော်အသစ် ပြန်လည်တင်လှူနိုင်ခဲ့ပါသည်။ ရှေးဟောင်းစေတီတော် (၃၇)ဆူ အနက် စေတီတော်(၁၆)ဆူအား ရွှေထီးတော်တင်လှူနိုင်ခဲ့ပြီး ရွှေထီးတော်တင်လှူရန် ကျန်ရှိသည့် စေတီတော်(၁၂)ဆူကိုလည်း အင်္ဂတေဖြင့် ပြုလုပ်သော ထီးတော်များတင်လှူနိုင်ခဲ့ပါသည်။

လိုဏ်ဂူတော်အတွင်းရှိ ရွှေစေတီနှင့် ငွေစေတီတို့ကိုလည်း ပြန်လည်ပြုပြင်နိုင်ခဲ့ပါသည်။ ရှေးဟောင်းဆင်းတုတော်များကိုလည်း ပြန်လည်ပြုပြင်၍ ရွှေချနိုင်ခဲ့ပါသည်။ ပြုပြင်၍မရနိုင်သည့် ဆင်းတုတော် အကျိုးအပဲ့များလည်း နောင်လာနောက်သားများနှင့် သုတေသီများ လေ့လာနိုင်စေရန် အတွက် စုဆောင်းသိမ်းဆည်းထားနိုင်ခဲ့ပါသည်။

ယခုလက်ရှိဓမ္မာရုံမှာလည်း ဆရာတော်၏ ဦးဆောင်မှုဖြင့် တည်ဆောက်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ ထိုဓမ္မာရုံတည်ဆောက်စဉ် လိုဏ်ဂူတော်အဝတွင် ပိတ်နေသည့် ကျောက်တုံးကို ဖယ်ရှားရာမှ ဖယ်ရှားရန် ခက်ခဲသည့် ကျောက်တုံးဖြင့် နဂါးရုံဆင်းတုတော် တစ်ဆူကိုလည်း တည်ထား ခဲ့ပါသည်။

ထို့အပြင် ထိုဓမ္မာရုံရှေ့ရှိ ပြည်ဝင်ဗုဒ္ဓရုပ်ပွားတော်တစ်ဆူနှင့် ရဟန္တာ ဆင်းတုတော်တစ်ဆူတို့မှာလည်း ဆရာတော်၏ကောင်းမှုတော်ပင် ဖြစ်ပါသည်။

ဆရာတော်သည် ထိုပြုပြင်ကုန်ကျငွေများကို အလှူခံခြင်းမပြုချေ။ သဒ္ဓါသဖြင့် မိမိဆန္ဒအလျောက်လာရောက်လှူဒါန်းငွေဖြင့်သာ ပြုပြင်ခဲ့ခြင်းပင်ဖြစ်ပါသည်။ ဆရာတော်သည် သက်တော်(၇၄)နှစ်၊ ဝါတော်(၅၄)ဝါ



အရ (၆-၉-၉၄)ရက်နေ့တွင် ပျံလွန်တော်မူခဲ့ရပါသည်။ ထိုသို့ပျံလွန်တော်မူရသည်မှာလည်း ဆရာတော်သည် ရွှေမိုးဆောင်းမရှောင် ကြိုးကုပ်ပင်ပန်းစွာပြုပြင်ရာမှ ရာသီဥတုဒဏ်ကြောင့် ရရှိသော ရောဂါဖိစီးနေသည်ကို သီးခံတော်မူပေသည်။ တပည့်များသိရသည့်အခါတွင် ရောဂါကျွမ်းပြီး ကုမရတော့သဖြင့် စောစီးစွာ ပျံလွန်တော်မူရခြင်း ဖြစ်ပေသည်။ ဆရာတော်၏ ဒါနပါရမီကား ယနေ့တိုင်သင်းပျံ့ကြိုင်လှိုင်ဆဲပင် ဖြစ်၏။

**ဂေါပကအဖွဲ့၏ကြိုးပမ်းချက်များ**

သဘာဝလိုဏ်ဂူရှေးဟောင်းရွှေဥမင် ဘုရားဝင်းအတွင်းတွင် စေတီတော်(၃၈)ဆူရှိသည့် အနက် ဆရာတော်ဘဒ္ဒန္တစန္ဒာဘာသမှ ရှေးဟောင်းဌာပနာတော် များဖြင့် ပြန်လည်တည်ထားခဲ့သော "**အောင်မြေသာစံစေတီတော်**"နှင့်ပြိုလ်ပြေ၊ ရန်ပြေမာန်ပြေ၊ ဆန္ဒပြည့် စေတီတော်နှစ်ဆူမှအပ ရှေးဟောင်းစေတီတော်များ ဖြစ်ကြသည်။

စေတီတော်များပြုပြင်စဉ်က တွေ့ရှိရသော မြေအုတ်များသရိုးများ အရ ပုဂံခေတ်(ဦးလယ်နှောင်း)၊ ညောင်ရမ်းခေတ်၊ အင်းဝခေတ်တို့မှ တည်ထားခဲ့သော ရှေးဟောင်းစေတီတော်များ ဖြစ်ကြောင်း အထောက်အထား ခိုင်လုံစွာ တွေ့ရှိရပါသည်။

သဘာဝလိုဏ်ဂူအတွင်းရှိ "**ရွှေစေတီနှင့်ငွေစေတီ**"နှစ်ဆူမှာ သီရိဓမ္မာသောကမင်းကြီး၏ ကောင်းမှုတော်များဖြစ်ကြောင်း ရှေးအကျဆုံးအုတ်များသရိုးများအရ သိရှိရပါသည်။ ယခုအချိန်တွင် ခေတ်အဆက်ဆက်မှ ပြုပြင်ခဲ့ကြသဖြင့် ရှေးဟောင်းအုတ်များမှ စေတီတော်၏ အလယ်၌သာ ကျန်ရှိတော့ပါသည်။

သဘာဝလိုဏ်ဂူရှေးဟောင်းရွှေဥမင်ဘုရား ဂေါပကအဖွဲ့သည် အင်္ဂတေထီးတော်အဖြစ် ယာယီတင်လှူခဲ့သော ထီးတော် (၁၂)ဆူကို ၁၉၉၆ခု၊ အောက်တိုဘာလမှ ၁၉၉၉ ခုနှစ်၊ မေလအတွင်းတွင် ရွှေထီး

www.burmeseclassic.com

တော် များဖြင့် အသစ်တင်လှူနိုင်ခဲ့ပါသည်။

ဆရာတော်ဘဒ္ဒန္တစန္ဒောဘာသ ပြုပြင်စဉ်ကမူ ပြိုကျပျက်စီးလုနီးဖြစ်နေသည့် စေတီတော်များကို ခေတ္တဟန့်တားနိုင်သည့် အနေအထားမျိုးအထိသာလျှင် ဆောင်ရွက်နိုင်ခဲ့ရပါသည်။ (၂၄-၁၀-၉၆) ရက်နေ့တွင် မြို့နယ်အတွင်းရှိ သံဃနာယကအဖွဲ့မှ ဂုဏဝုဏ်၊ သီလဝုဏ်နှင့် ပြည့်စုံသော ဆရာတော်ကြီး (၇)ပါးကို နာယကဆရာတော်ကြီးများအဖြစ်လည်းကောင်း၊ ကလောမြို့ရှိ အမှတ်(၁၅)ခြေမြန်တပ်မဌာနချုပ်တပ်မှူး၊ စစ်ဦးစီးတက္ကသိုလ်ကျောင်းအုပ်ကြီးနှင့်ဌာနဆိုင်ရာမှ တာဝန်ခံအရာရှိများ၊ ရပ်ကွက်ရှိ ဩဇာတက္ကိမရှိသော ပုဂ္ဂိုလ်တို့ကို နာယကကြီးများအဖြစ်လည်းကောင်း တင်မြောက်၍ ဥက္ကဌ ဦးမောင်မောင်ထွေးတို့ ဦးဆောင်သော ပုဂ္ဂိုလ် (၁၇)ဦး ပါဝင်သော ဂေါပကအဖွဲ့ကို တရားဝင်ဖွဲ့စည်း၍ ဂေါပကအဖွဲ့ကို ဖွဲ့စည်း၍ ပြုပြင်တည်ဆောက်မှုများ ဆောင်ရွက်စေခဲ့ပါသည်။

ဂေါပကအဖွဲ့သည် ဖွဲ့စည်းခဲ့သည်မှစတင်၍ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ကြိုးပမ်း ဆောင်ရွက်ခဲ့ရာတွင် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်-

၁။ အောက်ခြေမနိုင်တော့သည့် စေတီတော်(၈)ဆူကို အစားထိုးပြုပြင်ခဲ့ပြီး (၁၆)ဆူအား ရွှေသက်န်းကပ်လှူခြင်း။

၂။ အင်္ဂတေဖြင့် ယာယီတင်လှူခဲ့သော စေတီတော်(၁၂)ဆူအား ရွှေထီးတော်များဖြင့် အစားထိုးတင်လှူခဲ့သည့်အပြင် ဟောင်းနွမ်းဆွေးမြေ့သော ထီးတော်အားလုံးကို ရွှေထီးများဖြင့် အစားထိုးတင်လှူနိုင်ခဲ့ခြင်း။

၃။ လိုဏ်ဂူတော်အတွင်းရှိ ရှေးဟောင်းရုပ်ပွားတော်များကို ရွှေသက်န်းကပ်လှူခြင်း။



၄။ သီရိမေဃာသောက မင်းကြီး၏ ကောင်းမှုတော်ဖြစ်သည့် ရွှေစေတီ၏ ခေါင်းလောင်းတော်နှင့် အထက်ပိုင်းတွင် ရွှေစစ်ရွှေသက်န်းကပ်လှူနိုင်ခဲ့ခြင်း၊ ငွေစေတီအားလည်း ငွေသက်န်း ကပ်လှူနိုင်ခဲ့ခြင်း။

၅။ ပထမ လိုဏ်ဂူတော်အဆုံးမှ ညာဘက်သို့ ချိုးကွေ့ဝင်ရာတွင် ပိတ်ဆို့နေသည့် လိုဏ်ဂူတော်အား လက်စသတ်ဖောက်လုပ်၍ အင်္ဂတေလမ်းခင်းခဲ့ခြင်း။

၆။ ထိုလိုဏ်ဂူတော်အတွင်းမှာပင် လိုဏ်ဂူတော်ငယ်(၄)ခု ဆက်လက်တူးဖော်၍ ဆင်းတုတော်များ တည်ထားခြင်း။

၇။ ပေ(၁၀၀၀)ခန့် ရှည်လျားသော အထက် လိုဏ်ဂူအား ပေ(၃၀၀)ကျော်အထိ သန့်ရှင်းလမ်းခင်းပြီး ရုပ်ပွားဆင်းတုတော်အသစ်တို့ တည်ထားခဲ့ခြင်း၊ လိုဏ်ဂူတော်ရှေ့တွင် မုခ်ဦး တည်ဆောက်ပြီး ပတ်ဝန်းကျင်သန့်ရှင်း၍ လှေကားများခင်းခြင်း။

၈။ ထိုလိုဏ်ဂူတော်အနီးတွင် ငြိုလ်မြေ၊ ရန်မြေ၊ မာန်မြေ၊ ဆန္ဒပြည့်စေတီတော်ငယ် တစ်ဆူနှင့်တံခွန်တိုင် တစ်ခု တည်ထားခြင်း။

၉။ ဘုရားဝန်းအဝင် မုခ်ဦးမှော်ရုံသို့ ဆက်သွယ်ထားသည့်စောင်းတန်းအား သန့်ရှင်းသပ်ရပ်သော လမ်းခင်းပေးခြင်း။

၁၀။ ပျက်စီးနေသော ရှေးဟောင်းသစ်သားရုပ်ပွားတော်များအား ပြုပြင်လျက် ပလ္လင်တံကဲဖြင့် ကိုးကွယ်နိုင်ခြင်း။

၁၁။ ရေပိုက်လိုင်းဆက်သွယ်ခြင်း။

၁၂။ လျှပ်စစ်မီးများပြုပြင်၍ နေ့/ညမီးရရှိစေခြင်း၊ အရန်မီးစက်ထားနိုင်ခဲ့ခြင်း။

၁၃။ ဗောဓိပင်ပျိုး စိုက်ပျိုးတည်ထားခြင်း။

၁၄။ ဘုရားဝင်းအတွင်း မြေညှိလမ်းခင်း၍ လေကာနှင့် အလှပန်းများ

www.burmeseclassic.com

www.burmeseclassic.com

စိုက်ပျိုးခြင်း။

၁၅။ တစ်စုတစ်စည်းတည်းတည်ရှိသော စေတီတော် (၂၉)ဆူအား ရင်ပြင်တော်မြင့်တင်၍ နံရံထိန်းများဖြင့် စနစ်တကျ ဘုရားပတ်လမ်းကို ခင်းခြင်း။

၁၆။ ရှင်သီဝလိရဟန္တာအရှင်မြတ်နှင့် ရှင်ဥပဂုတ္တရဟန္တာ အရှင်မြတ်နှစ်ပါးကို ပင့်ဆောင်ပူဇော်ခြင်း။

၁၇။ ပျက်စီးနေသော အလယ်ဂူငယ်များပြုပြင်၍ ပျက်စီးနေသော ရှေးဟောင်း ရုပ်ပွားတော်(၃)ဆူအား ကိုယ်စားတော်ဖြင့် လဲလှယ်ကိုးကွယ်နိုင်ခြင်း။

၁၈။ ခမ္မာရုံအတွင်းရှိ ဆုတောင်းပြည့်ရုပ်ပွားတော်မြတ်ကြီးကို ရှေးမူမပျက် သပ္ပါယ်စွာပြင်ဆင်ခြင်း၊ ကိုယ်တော်မြတ်ကြီးအား ရွှေသားစစ်စစ်ကပ်လှူ ပူဇော်ရန် ဆက်လက်ဆောင်ရွက်လျက် ရှိပါသည်။

ဂေါပကအဖွဲ့သည် အောက်ပါလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရန် ရည်မှန်းထားရှိပါသည်-

၁။ လက်ရှိခမ္မာရုံသည် ဟောင်းနွမ်းသည့် အပြင် သေးငယ်နေ၍ ဘုရားဖူးပရိသတ်များနှင့် မလျှော်ညီတော့သဖြင့် အသစ်ထပ်မံတည်ဆောက်ခြင်း။

၂။ မူလလိုဏ်ဂူနှင့် အထက်လိုဏ်ဂူတို့ကို တဆက်တည်းဖြစ်အောင် ဖောက်လုပ်ဆက်သွယ်ခြင်း၊ ယာယီမီးလိုင်းအစားကောင်းမွန်နိုင်ခန့်သည့် မီးလိုင်းများ အသစ်တပ်ဆင်ခြင်း။

၃။ ဘုရားဝင်းအတွင်း အမြဲတမ်းမီးလိုင်းများ တပ်ဆင်မီးပူဇော်ခြင်း။

၄။ ဘုရားဝင်း ရင်ပြင်တော်တစ်ခုလုံးအား အင်္ဂတေခင်း၍ ပတ်လမ်းနှင့် ဘုရားရင်ပြင်များတွင် ကျောက်ပြားများခင်းခြင်း။



၅။ ရှင်ဥပဂုတ္တရဟန္တာကန်တော်အား ပြုပြင်ခြင်း။

၆။ ဘုရားဝင်းရှိအုတ်တံတိုင်းများမှာ နိမ့်၍လုံခြုံမှု မရှိသဖြင့် သံတိုင်များ တပ်ဆင်ခြင်း။

၇။ ဘုရားဖူးများ တည်းခိုနားနေသည့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ခြင်း။

သို့ဖြစ်၍ ပဌာန်းဆက်ရှိသော ကလျာဏအနွယ်ဝင်သူတော်စင်အပေါင်းတို့သည် အမျိုး၊ ဘာသာ၊ သာသနာရောင်ဝါထွန်းလင်းစေရေးအတွက် သဒ္ဓါကြည်လင် ပါဝင်လှူဒါန်းနိုင်ကြပါသည်။

www.burmeseclassic.com

ရွှေဥမင်လိုဏ်ဂူ
ဘူမိဗေဒဆိုင်ရာလေ့လာချက်
ကလောမြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း
ဘူမိဗေဒဌာန
တောင်ကြီးတက္ကသိုလ်

၂၈-၁၂-၂၀၀၁

နိဒါန်း

ကလောမြို့၏ တောင်ဘက်ရှိ ရွှေဥမင်လိုဏ်ဂူတွင် ကျောက်ဖြစ်ရုပ်ကြွင်းများ တွေ့ရှိကြောင်းအမှတ် (၂) ထောက်လှမ်းရေးတပ်၊ တောင်ကြီး မှ တောင်ကြီးတက္ကသိုလ် ဘူမိဗေဒ ပါမောက္ခထံ ဆက်သွယ်အကြောင်းကြားခဲ့ပါသည်၊ တောင်ကြီးတက္ကသိုလ် ဘူမိဗေဒဌာနမှ ပါမောက္ခချုပ်၏ ခွင့်ပြုချက်အရ လေ့လာခဲ့ပြီး ၎င်းစာတမ်းကို ပြုစုပါသည်။

ခရီးစဉ်

၈-၁၁-၂၀၀၁ နေ့ နံနက် ၆း၀၀ နာရီတွင် ပထမနှစ် ဘူမိဗေဒ ကျောင်းသားများ၏ ကွင်းဆင်းသင်တန်းပို့ချမှုနှင့် အတူ ပါမောက္ခ ဦးမြင့်ခိုင် ခေါင်းဆောင်သော ဆရာ/ဆရာမ(၄)ဦးတို့သည် ရွှေဥမင်လိုဏ်ဂူသို့ သွားရောက်လေ့လာခဲ့ပါသည်၊ အသေးစိပ်လေ့လာမှုကို ၎င်းနေ့ ညနေ ၃း၃၀ နာရီတွင် စတင်ပြုလုပ်ပြီး ၁၆း၃၀ နာရီတွင် ပြီးဆုံးပါသည်။ တောင်ကြီးသို့ ၁၉း၀၀ နာရီတွင် ပြန်ရောက်ပါသည်။

လိုဏ်ဂူဆိုင်ရာ ဘူမိဗေဒအချက်အလက်များ

**တည်နေရာ**

ရွှေဥမင်လိုဏ်ဂူသည် ရှမ်းပြည်တောင်ပိုင်း ကလောမြို့တွင် တည်ရှိ၍ စစ်ဦးစီးတက္ကသိုလ်၏ အနောက်မြောက်ဘက် ဥမင်ရွာအနီး အမြင့်ပေ (၄၃၇၈)တွင် တည်ရှိပါသည်၊ မြန်မာပြည်မြေပုံအညွှန်း 93D/



**10,Grid no, NS-084,EW-997** တွင်ရှိပါသည်။ ခန့်မှန်းလတ္တီတွဒ် **96.33'** လောင်ဂျီကျု **96.33' GPS** အညွှန်း **N20.37'6" E96.33'27"** ဖြစ်ပါသည်။

**အောက်ခံကျောက်အမျိုးအစား**

လိုဏ်ဂူတော်တည်ရသော အောက်ခံကျောက် အမျိုးအစားမှာ **Kalaw Red Bed Formation** အတွင်းရှိ **Conglomerate rock** အမျိုးအစားဖြစ်ပြီး သက်တမ်းမှာ **Cretaceous** ယုဂ် (နှစ်သန်းပေါင်း ၆၅ မှ ၁၄၀အတွင်း) ဖြစ်ပါသည်။ ၎င်းကျောက်လွှာ ဖွဲ့စည်းမှုမှာ **30MM** ခန့် အရွယ်ရှိကျောက်ကျိုးပဲ့စာ **(Clast)**မျိုးစုံပါဝင်ပြီး တွဲဆက်ဖြစ်ဝတ္ထု **(Cementing meterial)**မှာ **Iron-oxide** နှင့် **Calcium carbonate** များဖြစ်ပါသည်၊ ကျိုးပဲ့စာများမှာ **Kalaw Red Bed** ထက် သက်တမ်းရှိသော **Plateau Limestone** (နှစ်သန်းပေါင်း ၂၀၀ မှ ၂၉၀ အတွင်း) သက်တမ်းရှိသော **Plateau Limestone Group** နှင့် **Jurassic** (နှစ်သန်းပေါင်း ၁၄၀ မှ ၂၀၀ အတွင်း) သက်တမ်းရှိသော **Loi-an Formation** တို့မှ ဖြစ်ပါသည်။၎င်းကျိုးပဲ့စာ အမျိုးအစားများမှာ **Sandstone, Siltstone, ShalemMarl** နှင့် **Limestone** တို့ ဖြစ်ပါသည်။

လိုဏ်ဂူတွင် **Rock Unit** နှစ်မျိုးတွေ့ရပါသည်။ အောက်ဘက်မှာ ရေစိမ့်ဝင်မှုနည်းပါးသော အလွှာဖြစ်ပြီး အပေါ်ဘက်မှာ ရေစိမ့်ဝင်မှု ကောင်းသော အလွှာ အမျိုးအစားဖြစ်ပါသည်၊

၎င်းလိုဏ်ဂူမှာ ရှမ်းပြည်နယ်တွင် တွေ့ရလေ့ရှိသည့် အခြားသော လိုဏ်ဂူများနှင့်လုံးဝမတူဘဲ ထူးခြားမှုရှိပါသည်။ အခြားသော လိုဏ်ဂူများမှာ ထုံးကျောက်လိုဏ်ဂူ **(Limestone Cave)** အမျိုးအစား ဖြစ်ပြီး ယခုတွေ့ရသော လိုဏ်ဂူမှာ **Kalaw Red Bed** နှင့် **Conglomerate**

www.burmeseclassic.com

www.burmeseclassic.com



ကျောက်လွှာထုတွင် တည်ရှိသော ဂူဖြစ်ပါသည်။ ထို့အပြင် နှစ်ထပ် အမျိုးအစားဖြစ်ပါသည်။ ထိုကဲ့သို့ ဖြစ်ပေါ် ရခြင်းမှာ တွဲဆက်ဖြစ်ဝတ္ထုတွင် ထုံးဓါတ်($CaCO_3$)ပါဝင်ခြင်းနှင့် မြေအောက် ရေတိုက်စားမှု (Solution Channel)ကြောင့် ဖြစ်နိုင်ပါသည်။

**ဘူမိဗေဒအနေအထား**

ကလောမြို့မှာ ကလောလွှာတွန့် ချိုင့်ထဲတွင် တည်ရှိ၍ လိုဏ်ဂူ၏ တည်နေရာမှာ ၎င်းလွှာတွန့်ချိုင့်၏ အနောက်ဘက်အခြမ်းတွင် တည်ရှိပါသည်။Conklomerate Bed ၏ ယေဘူယျအနေအထားမှာ 20° /E ဖြစ်ပါသည်။ အက်ကြောင်းမှာ ဒေါင်လိုက်ဖြစ်ပြီး အရှေ့အနောက်နီးပါးတန်း၍ နေပါသည်။ လိုဏ်ဂူ၏ မျက်နှာစာတွင် ပြတ်ရွေ့ကြောင်း (Minur Fault) မှာ အရှေ့အနောက် နီးပါးဖြတ်၍ နေပြီး လိုဏ်ဂူအဝမှာ မြင့်တက်အပိုင်း (Up Thrown Side)ဖြစ်၍ လိုဏ်ဂူဝမြောက်ဘက်မှာ နိမ့်ကျပိုင်း (Down Thrown Side) ဖြစ်ပါသည်။ Joints, Fractures များ ရှိနေခြင်းကြောင့် အောက်ခြေ လိုဏ်ဂူမှာ အမြဲတမ်း ရေစိမ့်နေပါသည်။

**လိုဏ်ဂူအတွင်းမှ လေ့လာတွေ့ရှိချက်များ**

**တွေ့ရှိရသော ကျောရိုးရှိသတ္တဝါတို့၏ ရုပ်ကြွင်းများ**

၁။ **သမင်မျိုးနွယ်စု (Rucervus eldi)**

၎င်းသည် အကောင်အလတ်စားဖြစ်၍ တောကြီးမြိုင်ကြီးနှင့် မြက်ခင်းလွင်ပြင်များ၌ ကျက်စားကြသော သတ္တဝါများ ဖြစ်ကြသည်။ ပေ (၄၀၀၀)ထက်မြင့်သော တုန်းမြင့်များတွင် နေထိုင်ကျက်စားလေ့ရှိသော Harbivourous မျိုးဖြစ်သည်။ ၎င်းတို့၏ အံသွားအပိုင်းအစများကို တွေ့ရှိရပါသည်။

၂။ **တောဝက်မျိုးနွယ်စု (Sus Scofa)**

၎င်းသည် အကောင်အလတ်စား ဖြစ်၍ တောကြီးမြိုင်ကြီးနှင့် တောင်စောင်းများတွင် ကျက်စားကြသော သတ္တဝါများ ဖြစ်ကြသည်၊ ၎င်းတို့၏အံသွား အပိုင်းအစများကို တွေ့ရှိရပါသည်။

၃။ **တောနွားမျိုးနွယ်စု (Bos taurus)**

၎င်းသည် အကောင်ကြီး အမျိုးအစားဖြစ်၍ တောကြီး မြိုင်ကြီးများတွင် သာနေထိုင်ကျက်စားကြသော သတ္တဝါများ ဖြစ်ကြသည်၊ ၎င်းတို့၏ သွားအပိုင်းအစများကို တွေ့ရှိရပါသည်၊

၄။ **ဆတ်မျိုးနွယ်စု (Antelope)**

၎င်းသည် အကောင်အလတ်စားဖြစ်၍ တောကြီးမြိုင်ကြီးနှင့် မြက်ခင်းလွင်ပြင်များ၊ တောင်စောင်းများ၌ ကျက်စားကြသော သတ္တဝါများ ဖြစ်ကြသည်။ ၎င်းတို့၏ သွားအပိုင်းအစများကို တွေ့ရှိရပါသည်။

၅။ **ကြံ့မျိုးနွယ်စု (Rhinoceros)**

၎င်းသည် အကောင်ကြီးအမျိုးအစားဖြစ်၍ တောကြီးမြိုင်ကြီးများတွင်သာ နေထိုင်ကျက်စားကြသော သတ္တဝါများဖြစ်ကြသည်၊ ၎င်းတို့၏ သွားအပိုင်းအစများကို တွေ့ရှိရပါသည်။

၆။ **ဖြူမျိုးနွယ်စု (Porcupine)**

၎င်းသည် အကောင်ငယ်အမျိုးအစားဖြစ်၍ တောင်ကြီးမြိုင်ကြီး နှင့် မြက်ခင်းလွင်ပြင်တောင်စောင်းများ၌ ကျက်စားကြသော သတ္တဝါများ ဖြစ်ကြသည်၊ ၎င်းတို့၏ အစွယ်နှင့်ဆူးတောင်အပိုင်းအစများကို တွေ့ရှိရပါသည်။

အထက်ဖော်ပြပါ သတ္တဝါတို့၏ အကြွင်းအကျန်အစိတ်အပိုင်းများကို တွေ့ရှိရသည့် ကျောက်လွှာမှာ မူလကျောက်လွှာများတွင် မပျော်ဘဲ Channel Filling များတွင်သာ ဖြစ်ခြင်းကြောင့် မူလလိုဏ်ဂူတွင်

www.burmeseclassic.com

www.burmeseclassic.com

နေထိုင်သည့် သတ္တဝါများ မဟုတ်ကြဘဲ အနီးအပါးနေရာများမှ သဘာဝ သယ်ယူပို့ချမှုကြောင့် ဖြစ်ပေါ်လာနိုင်ပါသည်။

တွေ့ရှိရသော ရုပ်ကြွင်းများသည် ကျောက်ဖြစ်ရုပ်ကြွင်းအဖြစ်လုံးဝ မရောက်ရှိသေးပါ။ တဝက်တပျက်ကျောက်ဖြစ်နေသော (Semi-Fossil) အဆင့်တွင်သာ ရှိသေးသည်။ လိုဏ်ဂူအတွင်းတွင် ကျောက်ခေတ်လူသားများ၏ ရုပ်ကြွင်းအပိုင်းအစများကို မတွေ့ရပါ။ ထို့ကြောင့် လူသားများ နေထိုင်ခဲ့သောလိုဏ်ဂူဟု ဖော်ပြရန် အထောက်အထားများ မရရှိပါ။ ယခုတူးဖော်သော နေရာသည် ဘုရားနှင့် နံရံအကြားရှိ အလျား (၅)ပေ၊ အနံ(၄)ပေ ရှိနေရာကျဉ်းကျဉ်းတွင်သာ တူးဖော်ထားသော နေရာမှ လေ့လာတွေ့ရှိချက် ဖြစ်ပါသည်။

### ကျောက်ဖြစ်ရုပ်ကြွင်း၏သက်တမ်း

ရုပ်ကြွင်းများ၏ လေ့လာတွေ့ရှိချက်များအရ လွန်ခဲ့သော နှစ်ပေါင်း (၄၀၀၀-၆၀၀၀) ခန့်ကာဟု ခန့်မှန်းရပါသည်။

### နိဂုံး

မွေ့ဥမင်လိုဏ်ဂူသည် မြန်မာပြည်ရှိ အများဆုံးတွေ့ရှိရလေ့ ရှိသော ထုံးကျောက်တောင်လိုဏ်ဂူအမျိုးအစားမဟုတ်ဘဲ (Kalaw Red Bed မှ Conglomerate အမျိုးအစားဖြစ်နေခြင်းသည် လွန်စွာထူးခြားမှု ရှိပါသည်။ လိုဏ်ဂူ၏ မျက်နှာစာမှာ မြောက်ဘက်သို့ လှည့်နေပါသည်။

လိုဏ်ဂူအတွင်း တွေ့ရှိရသော ကြွင်းကျန်အရိုးစုနှင့်သွားများ စသည်တို့မှာ Channel Filling တွင် တွေ့ရှိရပြီး ယင်း Channel Filling မှာလည်း REcend Deposit များသာ ဖြစ်ပါသည်။



၁။ လိုဏ်ဂူဝမျက်နှာသည် မြောက်ဘက်သို့ လှည့်နေခြင်း။
၂။ နှစ်ထပ်ဂူအမျိုးအစားဖြစ်သော်လည်း ဂူ၏ အောက်ခြေသည် ချောမွေ့မှု မရှိခြင်း။
၃။ မြေပြင်မှ ပေ အနည်းငယ်ခန့်သာမြင့်သော (မြို့တွင်းအမြင့်ပေ ၄၃၀၃) (ဂူအမြင့်ပေ ၄၃၇၈)နေရာတွင် ရှိခြင်း။
၄။ လိုဏ်ဂူအတွင်းတွင် Fractures, Joint & Minor Faults များရှိနေသည့် အတွက် အောက်ခြေသည် အမြဲတမ်းစိုစွတ်နေခြင်း။
၅။ တွေ့ရှိရသော အရိုးနှင့် သွားအကြွင်းအကျန်များတွင် လူသားတို့၏ အကြွင်းအကျန် လက်နက်ပစ္စည်းများ လုံးဝမတွေ့ရှိခြင်း။
၆။ အကြွင်းအကျန်များသည် Channel Filling Type များ ဖြစ်နေခြင်း။
၇။ လိုဏ်ဂူအဝင်ဝတွင် ဘုရားများတည်ထားခြင်းကြောင့် အောက်ခြေတွင် ဆက်လက်ရှာဖွေရန် မဖြစ်နိုင်တော့ခြင်း။

ကျောက်ခေတ်လူသားများ၏ သဘာဝမှာနိမ့်လွန်းသော မြင့်လွန်းသော လိုဏ်ဂူများတွင် နေထိုင်လေ့မရှိကြပါ။ ယေဘုယျအားဖြင့် ဂူ၏အနီးအနားတွင်သာ နေထိုင်လေ့ရှိကြကြောင်း၊ အတွင်းပိုင်းတွင် နေထိုင်လေ့မရှိကြကြောင်း၊ နေရောင်ကောင်းစွာရရှိသည့် အရှေ့ဖက်မျက်နှာပြုသော လိုဏ်ဂူများတွင် သာနေထိုင်လေ့ရှိကြောင်း လေ့လာသိရှိရပါသည်။

အထက်ပါအချက်အလက်များကြောင့် ထိုလိုဏ်ဂူတွင် ကျောက်ခေတ် လူသားများ နေထိုင်ခဲ့သည်ဟု ယူဆရန် ခက်ခဲကြောင်း တင်ပြအပ်ပါသည်။

www.burmeseclassic.com

 www.burmeseclassic.com

## လေ့လာရေးအဖွဲ့ဝင်များ

| | | |
|---|---|---|
| ဦးမြင့်ခိုင် | ပါမောက္ခ | အဖွဲ့ခေါင်းဆောင် |
| ဦးတင်လှိုင် | တွဲဖက်ပါမောက္ခ | အဖွဲ့ဝင် |
| ဒေါ်ဝင်းဝင်းကြည် | ကထိက | အဖွဲ့ဝင် |
| ဒေါ်စန္ဒာဝင်း(၂) | သရုပ်ပြ | အဖွဲ့ဝင် |

www.burmeseclassic.com

# ရွှေဥမင်ဘုရားရင်ပြင်တော်ရှိစေတီတော်များ




BURMESE CLASSIC .com

- သာသနာသက္ကရာဇ် - ၂၃၆ ခုနှစ်တွင် သီရိဓမ္မာသောကမင်းကြီး သည် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် ကိုယ်စားစေတီတော်များ တည်ထားခဲ့ရာ "ရွှေစေတီ" ၊ "ငွေစေတီ" တို့လည်းပါဝင်သည်။
- အနော်ရထာမင်းကြီးသည်လည်း ရုပ်ပွားတော်တစ်ဆူတည်ထားခဲ့သည်။
- အလောင်းစည်သူမင်းကြီးသည် "ဆုတောင်းပြည့်မူလစေတီတော်" "ဆုတောင်းပြည့်ဘုရားဆင်းတုတော်" နှင့် ဆင်းတုတော်များ တည်ထားကိုးကွယ်ခဲ့သည် ။

www.burmeseclassic.com